ME

Southern Shan State Art Exhibition

# EXHIBITION GUIDEBOOK

## (မြန်မာဘာသာ)

နေ့ရက်: ၈ရက်၊ မတ်လ၊ ၂၀၂၅။ (စနေနေ့)
အချိန်: နံနက် ကိုးနာရီခွဲမှ ၁၁နာရီခွဲအထိ။
နေရာ: CFK_Art Space၊ အမှတ် ၅၀၊ အရှေ့ဘိုကုန်း၊ ရပ်ကွက်၃၊ ကလောမြို့။

**Meet the artists, Exchange ideas, and Be inspired!**

# ပြပွဲမြေပုံ




မြေညီထပ်

| | | | |
|---|---|---|---|
| 1 | ယိင်းခမ်း | 11 | ကိုသေး |
| 2/15 | မျိုးသူဇာ | 12 | Rack Aid @ဂူဂူး |
| 3 | ကျော့ရှင်း | 13 | တင်မြင့်မောင် |
| 4 | မြင့်ကြည် | 14 | ကျော်နိုင်စိုး |
| 5 | ညီညီမောင် | 16/18 | ကိုဆို |
| 6 | စိုင်းသက်ထွေး | 17 | ဝင်းဖြိုး |
| 7 | ဇော်မင်းထူး | 19 | မဏ္ဍိုင် |
| 8/9 | စိုင်းသီဟစိုး | 20 | စိုင်းမွန်း |
| 10 | မြင့်ဦး | 21 | ခိုင်မြ |




ပထမထပ်

22 စိုင်းသီဟစိုး




ဒုတိယထပ်

| | |
|---|---|
| 23/24/25 | ကျော်မျိုးဟန် |
| 26/27 | မင်းမင်းထိုက် |
| 28 | နေမင်းဇော် |
| 29 | သန်းမောင် |
| 30 | ဇော်မြင့်နိုင် |
| 31 | ထိန်လင်း |

# မြေညီထပ်




| | | | |
|---|---|---|---|
| 1 | ယိင်းခမ်း | 11 | ကိုသေး |
| 2/15 | မျိုးသူဇာ | 12 | Rack Aid @ဂူဂူး |
| 3 | ကျော့ရှင်း | 13 | တင်မြင့်မောင် |
| 4 | မြင့်ကြည် | 14 | ကျော်နိုင်စိုး |
| 5 | ညီညီမောင် | 16/18 | ကိုဆို |
| 6 | စိုင်းသက်ထွေး | 17 | ဝင်းဖြိုး |
| 7 | ဇော်မင်းထူး | 19 | မဏ္ဍိုင် |
| 8/9 | စိုင်းသီဟစိုး | 20 | စိုင်းမွန်း |
| 10 | မြင့်ဦး | 21 | ခိုင်မြဲ |

# CORNER 1 : ယိင်းခမ်း

ယိင်းခမ်းသည် တောင်ကြီးမြို့တွင် အခြေစိုက်ပြီး အားပြင်းတောက်ပသော အရောင်များ အသုံးပြုမှုကြောင့် လူသိများသော အနုပညာရှင်တစ်ဦးဖြစ်သည်။ ဖြည်းဖြည်းချင်း မျက်စိကွယ်သွားနိုင်သည့် ရှားပါးသော အမြင်အာရုံအခြေအနေတစ်ခုဖြင့် မွေးဖွားခဲ့သော်လည်း ငယ်စဉ်ကတည်းက ပန်းချီရေးဆွဲခြင်းကို သဘောကျနှစ်ခြိုက်ခဲ့တာကြောင့် ခဲပန်းချီနှင့် ရေဆေးမှသည် acrylic အထိ တဖြည်းဖြည်း ဆင့်ကဲဖန်တီးလာခဲ့သည်။ မျက်နှာဝိုင်းများနှင့် မျက်ဆံမပါသော မျက်လုံးများပါဝင်သည့် သူမ၏ သ င်္ကေတ ပုံတူကားများသည် သူမ၏ ဘဝခရီးကို ထင်ဟပ်ပြသသည်။ တောက်ပသော အရောင်များမှတစ်ဆင့် သူမသည် အလှတရား၊ ခွန်အားနှင့် ခံနိုင်ရည်အား ကြွယ်ဝသော ကမ္ဘာတစ်ခုကို ဖမ်းယူပုံဖော်သည်။

"ငယ်စဉ်ကတည်းက ကျွန်မဟာ လည်ဆွဲတွေကို ဝတ်ရတာကို နှစ်သက်ခဲ့ပြီး၊ ဘယ်သူတွေ ဘာပြောပြော ကိုယ်တိုင်ဖန်တီးပြီး ဝတ်ဆင်ခဲ့ပါတယ်။ ကျွန်မရဲ့ ပန်းချီကားတွေမှာ မျက်လုံးတွေ မပါဝင်တာဟာ ဘယ်အချိန်မှာ အမှောင်က အပြည့်အဝ ကျရောက်လာမလဲဆိုတာ မသိနိုင်တဲ့ ကျွန်မရဲ့ မသေချာလှတဲ့ အမြင်အာရုံအခြေအနေကို ထင်ဟပ်ပြတာဖြစ်ပါတယ်။ ဒါပေမယ့် ဘာတွေပဲဖြစ်ပါစေ အပြုံးကတော့ နောက်ဆုံးထွက်သက်အထိကျန်ရှိနေမှာဖြစ်ပြီး၊ ကျွန်မရဲ့ ခံနိုင်ရည်အား၊ လက်ခံနိုင်စွမ်းနဲ့ ဇွဲကောင်းခြင်းရဲ့ အလှကို ပုံဖော်ပြသပါတယ်။"



Smiling Face and Shining Necklace
121 x 151 cm
Mixed Media

# CORNER 2/15 : မျိုးသူဇာ

မျိုးသူဇာသည် ရန်ကုန်တွင် မွေးဖွားခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အောင်ပန်းသို့ ပြောင်းရွှေ့ခဲ့သည်။ မမြင်ရသော နာမ်ပိုင်းဆိုင်ရာများမှ လှုံ့ဆော်မှုခံရပြီး ၂၀၁၄ ခုနှစ်တွင် ပန်းချီစတင်ရေးဆွဲခဲ့ကာ နိမိတ်အမြင်များနှင့် ခံစားသိရှိမှုများအပေါ် အခြေခံထားသော **abstract** လက်ရာပေါင်း ၄၀၀ ကျော်ကို ဖန်တီးခဲ့သည်။ သူမ၏ အနုပညာသည် အမျိုးအစားသတ်မှတ်ချက်များကို ကျော်လွန်ကာ နာမ်ပိုင်းဆိုင်ရာများနဲ့ ကံအကြောင်းတရားဆိုင်ရာ ချိတ်ဆက်မှုများကို အလေးပေးဖော်ပြသည်။ ၂၀၁၅ ခုနှစ်မှစ၍ အုပ်စုလိုက်ပြပွဲများတွင် ပါဝင်ခဲ့ပြီး လက်ရှိအချိန်အထိ အုပ်စုလိုက်ပြပွဲပေါင်း ၁၅ ခုခန့်တွင် ပါဝင်ခဲ့ပြီးဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် **43 Gallery** ၌ တစ်ကိုယ်တော်အနုပညာပြပွဲ **“Fast”** ကို စတင် ကျင်းပခဲ့ပြီး တစ်ကိုယ်တော် ပြပွဲစုစုပေါင်း သုံးခု ပြုလုပ်ထားသည်။ မျိုးသူဇာသည် ယခင် **CFK_Art Fund** ကလေးသင်တန်းများ၏ အနုပညာဆရာမတစ်ဦးအဖြစ်လည်း တာဝန်ယူသင်ကြားပေးခဲ့သေးသည်။

"ကျွန်မရဲ့ လက်ရာတွေက အချိန်တွေအကြောင်း၊ မှတ်ဉာဏ်တွေအကြောင်းနဲ့ တည်ရှိနေပေမယ့် မမြင်ရသော အဆက်အနွယ်အကြောင်းတွေကို တဖြည်းဖြည်း ရှာဖွေလေ့လာတာမျိုးပါ။ အတိတ်ဆိုတာဟာ အရိပ်လိုမျိုး တကောက်ကောက် လိုက်နေတာဖြစ်ပြီး ဆိတ်ညံခြင်းမှာ ပြောမပြထားတဲ့ အမှန်တရားတွေ တည်ရှိနေတယ် ဆိုတာကို “တိတ်ဆိတ်နေခြင်းရဲ့ လျှို့ဝှက်ချက်များ" ဆိုပြီး ပုံဖော်ဖန်တီးဖြစ်ခဲ့တာပါ။"



The Secrets of Silent
70 x 90 (35 x 45 each painting)
Acrylic on Canvas



The Shapes of The Past
70 x 90 (35 x 45 each painting)
Acrylic on Canvas

"ပြိုလဲ ပျက်စီးပြီးသား သစ်ကိုင်းတွေ၊ အစိတ်အပိုင်းတွေနဲ့ ဖန်တီးထားတဲ့ ကျွန်မရဲ့ ပန်းပုဟာ ကမ္ဘာမြေပေါ်မှာ ထင်ကျန်ရစ်ခဲ့မယ့် ကျွန်မတို့ရဲ့ လုပ်ရပ်တွေကို ကိုယ်စားပြုထားတာဖြစ်ပါတယ်။ လူ့ဘဝဆိုတာ ခဏတာလေးပဲဆိုပေမယ့် ကျွန်မတို့ ပြုလုပ်ခဲ့တဲ့ အကျင့်သီလနဲ့ ကုသိုလ်တွေကတော့ ကြာရှည်တည်နေမယ့် အရာတွေဖြစ်ပြီး ကျွန်မတို့ တည်ရှိမှုထက် ကျော်လွန်တဲ့ အခြားကမ္ဘာတစ်ခုကို ပုံဖော်ပေးနေတယ်လို့ ယုံကြည်တယ်။ ခန္ဓာဟာ တဖြည်းဖြည်း မှေးမှိန်ပျက်စီးလာသည့်တိုင် အမည်နာမနဲ့ အမွေအနှစ်ဆိုတာကတော့ ကျန်ရှိနေခဲ့မယ်ဆိုတဲ့ သဘောတရားကို ပြိုလဲပျက်စီးနေတဲ့ သစ်ပင်က ဆင်ခြင်မိစေပါတယ်။ ပြိုလဲပြီးသား သစ်ပင်တွေဟာ ရှုခင်းတွေကို ပုံဖော်သလိုမျိုး၊ လူတစ်ယောက်ရဲ့ တည်ရှိမှု အကျိုးဆက်ဟာ အခြားသူတွေရဲ့ မှတ်ဉာဏ်တွေထဲမှာ ဆက်ရှင်သန်နေပြီး သမိုင်းမှာပါ ထင်ကျန်ရစ်ခဲ့မယ့် အမှတ်သညာတွေပါပဲ။ "



66 cm (Diameter)
Mixed Media

# CORNER 3 : ကျော့ရှင်း

ကျော်ရှင်းသည်ရန်ကုန်မြို့တွင် မွေးဖွားပြီး ၁၉၈၃ ခုနှစ်တွင် ပန်းချီပန်းပုအနုပညာ အထက်တန်းကျောင်း၌အနုပညာရပ်များကိုု သင်ကြားခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် မဂ္ဂဇင်းသရုပ်ဖော် ပန်းချီဆရာအဖြစ် စတင်လုပ်ကိုင်ခဲ့ပြီး ၂၀၀၂ ခုနှစ်မှစ၍ ပြည်တွင်းရှိအနုပညာပြပွဲများတွင် တက်ကြွစွာ ပါဝင်ခဲ့သည်။သူ၏ လက်ရာများသည် လူ့စိတ်ခံစားမှုများ၊ ခက်ခဲရုန်းကန်မှုများနှင့် လူတို့၏နေ့စဉ်ဘဝကို ဖော်ပြကာ သာမန်ဆန်သော အခိုက်အတံ့များကို ခံစားချက်နှင့် အနုပညာအသက်သွင်း၍ ပြောင်းလဲဖန်တီး ထားသည့် အားကောင်းသော လက်ရာများဖြစ်သည်။

“ကျွန်တော်က ဒေသခံလူနေမှုဘဝရဲ့ ဇာတ်ကြောင်းများကို ဖမ်းဆုပ်ပုံဖော်လေ့ရှိတယ်။ အရောင်အသွေး စုံလင်တဲ့ ငါးရက်ဈေးမှသည် နှစ်သက်မြတ်နိုးရတဲ့ စိန်ပန်းတွေအထိ။ ယခုဖန်တီးမှုတွေဟာဆိုရင်တော့ ပန်း တွေကိုမြင်ရင် ပျော်ရွှင်တတ်တဲ့ မိန်းမငယ်လေးရဲ့ ရိုးရှင်းမှုကို ပုံဖော်ထားသလို တပြိုင်နက်တည်းမှာပဲ စစ် ဘေးကြောင့် ကျောင်းတက်ခွင့်မရှိဘဲ တိမ်းရှောင်ထွက်ပြေးနေရတဲ့ ကလေးငယ်ရဲ့ ကြမ်းတမ်းလှတဲ့ဘဝကို ခံစားမိစေမှာပါ။ အလှတရားနဲ့ ကြံ့ကြံ့ခံနိုင်ရည်စွမ်းအားကို ပေါင်းစပ်ထားတဲ့ လက်ရာတွေဖြစ်ပါတယ်။”



Runner
61 x 91 cm
Oil on Canvas



Inle Kaung Taing Market Day
91 x 61 cm
Acrylic on Canvas



The Girl with Royal Poinciana 2
61 x 46 cm
Acrylic on Canvas

# CORNER 4 : မြင့်ကြည်

ဇေယျာဝတီမြို့တွင် မွေးဖွားပြီး ရှမ်းပြည်နယ် သရက်ပုကျေးရွာတွင် ပန်းချီအလုပ်ခန်းဖွင့်ထားသော ပန်းချီဆရာမြင့်ကြည်သည် သူဖန်တီးသော ပန်းချီကားများမှတစ်ဆင့် ရှမ်းပြည်နယ်၏ ရိုးရာဓလေ့နှင့်ယဉ်ကျေးမှုများအား ဖော်ထုတ်ပြသရခြင်းကို အထူးနှစ်သက်သူတစ်ဦးဖြစ်သည်။ ၁၉၈၉ ခုနှစ်မှ စ၍ ရန်ကုန်နှင့် စင်္ကာပူတို့တွင် ကျင်းပသော အဖွဲ့လိုက် ပန်းချီပြပွဲများစွာတွင် ပါဝင်ခဲ့ပြီး ဇာတိမြေ၏ ကြွယ်ဝသော ယဉ်ကျေးမှုအမွေအနှစ်များကို မျှဝေရန်အတွက် သူ၏ အနုပညာကို စိတ်အားထက်သန်စွာ အသုံးပြုခဲ့သည်။

"ရှမ်းပြည် တောင်ပိုင်းဒေသရဲ့ ဖြစ်တည်မှုအချို့ကို လက်လှမ်းမီသလောက် မှတ်တမ်းတင်နေခြင်းပါ"



ဒုံတန်း
76 x 61 cm
Acrylic on Canvas



စားကျက်
50 x 50 cm
Acrylic on Canvas



နန့်အွန်တောင်နဲ့ ပန်းနှမ်းဝါ
35 x 45 cm
Acrylic on Canvas



ဒုံပဲယဉ်းတောင်၊ ရှေးဟောင်းဘုန်းတော်ကြီးကျောင်း
35 x 45 cm
Acrylic on Canvas

# CORNER 5 : ညီညီမောင်

Nyi Nyi Maung ဟာ အနုပညာကို ဝါသနာပါသူတစ်ယောက်လို ကိုယ့်ကိုကိုယ် သတ်မှတ်ပြီး ရှမ်းပြည်နယ်ရဲ့ သဘာဝရှုခင်းတွေ၊ ရိုးရာဓလေ့တွေနဲ့ တိုင်းရင်းသားလူမျိုးစုတွေကို ပုံဖော်ရတာကို စိတ်အားထက်သန်သူတစ်ယောက်ဖြစ်ပါတယ်။ အဓိကအားဖြင့် Acrylic၊ ရေဆေး (Watercolor)၊ ဆီဆေး (Oil Paint) တွေနဲ့ ခဲခြစ်ပန်းချီ (Pencil Sketching) တွေကို အသုံးပြုပြီး သူ့ရဲ့ အနုပညာလက်ရာတွေကို ဖန်တီးလေ့ရှိပါတယ်။ သူဟာ Htin Shuu Yeik ကို တည်ထောင်တဲ့ Tin Myint Maung နှင့် ညီအကိုတော်စပ်ပြီး Htin Shuu Yeik ပြခန်းကို ပြန်လည်ဖွင့်ပြီးနောက်မှာ သူ့ရဲ့ "Htin Shuu Yeik" ဆိုတဲ့ တစ်ကိုယ်တော်ပြပွဲကို ပြသခဲ့ပါတယ်။



မင်းသမီးလေးများ
61 x 76 cm
Acrylic on Canvas



ငြိမ်းချမ်းရာ
61 x 76 cm
Acrylic on Canvas

# CORNER 6 : စိုင်းသက်ထွေး

ပန်းချီဆရာ စိုင်းသက်ထွေးသည် တောင်ကြီးမြို့မှာ မွေးဖွားသည့် အနုပညာရှင်တစ်ဦးဖြစ်ပြီး ငယ်စဉ်ကတည်းက ပန်းချီဆွဲခြင်းကို လေ့ကျင့်ခဲ့ပြီး နှစ်ပေါင်းများစွာ သဘာဝရှုခင်းတွေကို ပုံဖော်ရေးဆွဲခဲ့သည်။ သူရိုက်ယူထားတဲ့ ဓာတ်ပုံတွေကို အခြေခံကာ ဆီဆေးတွေနဲ့ မြင်ကွင်းတွေကို ပြန်လည်ဖန်တီးရေးဆွဲသူတစ်ယောက် ဖြစ်ပြီး စိုင်းသက်ထွေးသည် အုပ်စုပြပွဲများစွာတွင်လည်း ပါဝင်ခဲ့ဖူးသူတစ်ဦး ဖြစ်သည်။

"ကျွန်တော် မကြာသေးခင်ကမှ ၂၀၁၆-၂၀၁၇ လောက်က ကျွန်တော့်ရဲ့ လက်ရာတွေကို ပြန်သတိရစေတဲ့ ပန်းချီကားနှစ်ချပ်ကို ရေးဆွဲခဲ့တယ်။ ပတ်ဃက စကြာတောင်ရဲ့ အလှအပနဲ့ မိုးတိမ်တွေရဲ့ သဘာဝကို အဓိကထားရေးဆွဲဖြစ်ခဲ့တယ်။ ပန်းချီကားတစ်ချပ်က မနက်ခင်း မိုးတိမ်တွေကြားက နေရောင်ခြည်ကို ဖမ်းယူထားပြီး နောက်တစ်ချပ်က မြင်းမူကုန်းနေဝင်ချိန်ကို ပုံဖော်ရေးဆွဲခဲ့တာပါ။ Cherry Space က ချယ်ရီပန်းတွေကတော့ ကျွန်တော့်ရဲ့ ခံစားချက်ကို ဖော်ပြတဲ့ ပန်းချီပုံစံကို ပထမဆုံး စမ်းသပ်တာဖြစ်ပြီး ဒီပုံစံကို စမ်းသပ်တဲ့ ပန်းချီကားနှစ်ချပ်ထဲက တစ်ချပ်ပါပဲ။"



တိမ်တောက်ချိန်မှာတွေးလှည့်ပါ
76 x 76 cm
Oil on Canvas



လွမ်းဝေဝေ
73 x 73 cm
Oil on Canvas



Cherry Space
58 x 46 cm
Oil on Canvas

# CORNER 7 : ဇော်မင်းထူး

၂၀၀၆ ခုနှစ်တွင် ပန်းချီအနုပညာလောကထဲသို့ စတင်ဝင်ရောက်ခဲ့သော ဇော်မင်းထူးသည် ပဲခူးမြို့တွင် မွေးဖွားပြီး ရွှေညောင်မြို့တွင် အခြေစိုက်သည်။ ရှမ်းဒေသရှုခင်းများကို မှိုင်ပြမ်းကာ ဆီဆေး၊ ရေဆေးနှင့် Acrylic တို့ကို အသုံးပြု၍ ရှမ်းပြည်၏ ရာသီအလိုက် အလှတရားများ၊ ဒေသ၏ ရိုးရာယဉ်ကျေးမှုများနှင့် နေ့စဉ်လူနေမှု ဘဝများကို ပုံဖော်ရေးဆွဲလေ့ရှိသည်။

"ကျွန်တော်ရဲ့ ရေးဆွဲနေကျပုံစံအတိုင်း အရောင်ထင်းထင်း ဆေးသားထူထူနဲ့ ရှမ်းပြည်မှာ တစ်နှစ်တစ်ခါ သစ္စာရှိရှိပွင့်လေ့ရှိတဲ့ မေတ္တာရောင်လွှမ်းသော ချယ်ရီပင်များကို ခံစားပြီးရေးဆွဲထားခြင်းဖြစ်ပါတယ်"



ချယ်ရီ 1
88 x 60 cm
Oil on Canvas



ချယ်ရီ 2
88 x 60 cm
Oil on Canvas



ချယ်ရီ 3
88 x 60 cm
Oil on Canvas

# CORNER 8/9 : စိုင်းသီဟစိုး

စိုင်းသီဟစိုးသည် ဘက်စုံအနုပညာရပ်များကို လေ့လာသင်ယူထားသော မြန်မာနိုင်ငံမှ ရှမ်းအနုပညာရှင်တစ်ဦးဖြစ်သည်။ ၂၀၀၈ ခုနှစ်မှစ၍ သူ၏ဖန်တီးမှုများသည် လူ့အခွင့်အရေးလှုပ်ရှားမှုများ အထူးသဖြင့် ပြည်တွင်းစစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများနှင့် ဆက်နွယ်နေခဲ့သည်။ သူ၏လက်ရာများသည် မြန်မာနိုင်ငံရှိ အာဏာအလွဲသုံးစားမှု၏ သက်ရောက်မှုကို ထင်ဟပ်ပြသပြီး စိတ်ပိုင်းဆိုင်ရာ အကျဉ်းအကျပ်များကို ပုံဖော်သည်။သူသည် ပြည်တွင်းပြပွဲများစွာတွင် ပါဝင်ခဲ့ပြီး မျိုးဆက်သစ်အနုပညာရှင်များအတွက် အလုပ်ရုံဆွေးနွေးပွဲများကို ဦးဆောင်ခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် စိုင်းသီဟစိုးသည် ပြင်သစ်နိုင်ငံ၌ ပထမဆုံးသော နိုင်ငံတကာ တစ်ကိုယ်တော်ပြပွဲကို ကျင်းပခဲ့ပြီး၊ အနုပညာမှတဆင့် လူမှုရေးနှင့် နိုင်ငံရေးအပြောင်းအလဲများကို ထင်ဟပ်ပြသခြင်းဖြင့် သူ၏အနုပညာခရီးလမ်းကို ဆက်လက်လျှောက်လှမ်းလျက်ရှိသည်။

## *Utopia (2015-2024)*

ရှမ်းပြည်နယ်မှ အနုပညာဖန်တီးသူတစ်ဦးဖြစ်တဲ့ စိုင်းသီဟစိုးရဲ့ ဖန်တီးမှုတွေမှာ ယဉ်ကျေးမှုပေါင်းစုံနဲ့ ဆက်နွယ်လွှမ်းမိုးမှုတွေပြီး အနုပညာလက်ရာတွေကနေ ကွဲပြားခြားနားမှုတွေနဲ့ တန်းတူညီမျှမှုရဲ့ အလှကို ဖော်ပြလေ့ရှိပါတယ်။ *Utopia* မှာတော့ ဒေသအသီးမှ အစိတ်အပိုင်းတွေကို အသုံးပြုဖန်တီးထားပြီး သူတို့ရဲ့ ယဉ်ကျေးမှုနဲ့ ပထဝီဝင်ဆိုင်ရာ ထူးခြားမှုကို ပုံဖော်ထားပါတယ်။ မြန်မာနိုင်ငံရဲ့ မြေပုံအသစ်ကို ပြန်လည်ရေးဆွဲပြီး စံပြနိုင်ငံတစ်ခုကို မြင်ယောင်ဖန်တီးထားပါတယ်။ ၂၀၁၅ ခုနှစ်မှစကာ မြန်မာနိုင်ငံရဲ့ ထင်ရှားတဲ့ ဒေသအသီးသီးမှ မြေကြီးများကို စတင်စုဆောင်းခဲ့ပြီး မိမိကိုယ်ကိုယ်ပြန်လည်သုံးသပ်မှုနဲ့ *healing* ဖြစ်စေတဲ့ လုပ်ဆောင်မှုတစ်ခုအဖြစ် သူ့ရဲ့လက်ရာတွေမှာ ထည့်သွင်းအသုံးပြုခဲ့ပါတယ်။ သုတသနလေ့လာမှုနဲ့ မှတ်တမ်းယူမှုတွေလုပ်ပြီး အချိန်အကြာကြီးယူခဲ့ရတဲ့ ဒီပရောဂျက်ကို *"16 Dreams of Me (2021)"* နဲ့ *"Burma to Myanmar (2023)"* တို့မှာ ပြသခဲ့ပါတယ်။



61 x 61 cm
Soil, Shan Paper, Ink

# *Memory_2 (2012-2014)*
# *Dimension variable*

*"Memory 2"* ဆိုတဲ့ *installation* ကတော့ ဖန်တီးသူရဲ့ အဘေး၊ အဘိုးနဲ့ မိခင်ဖြစ်သူတို့ရဲ့ လက်ဆင့်ကမ်းလာတဲ့ ဓာတ်ပုံတွေ စိတ်ကူးပုံဖော်ထားခြင်းဖြစ်ပါတယ်။ စိုင်းသီဟစိုးဟာ ကိုလိုနီခေတ်၊ ဆိုရှယ်လစ်ခေတ်နဲ့ ယနေ့ခေတ်အထိ နိုင်ငံရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာ သမိုင်းတွေကို အမျိုးမျိုးမှ ထဲထဲဝင်ဝင်သိရှိနားလည်ခဲ့ရပါတယ်။ အထူးသဖြင့် သူ့ရဲ့အဖိုးနဲ့ မိခင်တို့ပြောပြလေ့ရှိတဲ့ အိပ်ယာဝင်ပုံပြင်တွေကနေတစ်ဆင့်ပါ။ ဒီလက်ရာဟာ အဲ့ဒီပုံပြင်တွေထဲက နစ်မြုပ်နေတဲ့ အမှတ်တရတွေကို ပြန်လည်တူးဆွထားတာပါ။ *"From Changing Time to Retracing History"* ဆိုတဲ့ ပြပွဲမှာ ခေတ်အဆက်ဆက်က အမှတ်တရပစ္စည်းတွေနဲ့ သမိုင်းဆိုင်ရာအပြောင်းအလဲများကို ဖန်တီးဖော်ပြထားပါတယ်။



Lightbox, Cigarette Can

# *Yazarthat-3 (2018)*

"

ဤလက်ရာကို ဖန်တီးရာတွင် မြန်မာအက္ခရာကို ဂဏန်းအဖြစ်ပြောင်းလဲသည့်နည်းလမ်းကို အသုံးပြုခဲ့ပြီး ဒီတီရှပ်ကို ၂၀၂၁ ခုနှစ်မှာ ပြုလုပ်ခဲ့တဲ့ "16 Dreams of Me" ပြပွဲမှာ ဝေငှခဲ့ပါတယ်။



T-shirt

# CORNER 10 : မြင့်ဦး

မြင့်ဦးသည် မန္တလေးတွင် မွေးဖွားခဲ့ပြီး ငယ်စဉ်အရွယ်ကပင် ရှမ်းပြည်နယ်သို့ ရွှေ့ပြောင်းနေထိုင်ခဲ့သည်။ ၂၀၀၂ နှင့် ၂၀၁၃ ခုနှစ်တွင် ရန်ကုန်ရှိ New Treasure Art Gallery တွင် တစ်ကိုယ်တော် ပြပွဲ (၂) ကြိမ် ပြုလုပ်ခဲ့ပြီး၊ ၂၀၁၄ တွင် ရန်ကုန်ရှိ အုပ်စုပြပွဲများနှင့် Two Men Shows ပြပွဲများတွင်ပါဝင်ခဲ့သည်။ ထို့အပြင် ထိုင်း၊ ပြင်သစ်၊ ဂျာမနီနှင့် ထိုင်ပေရှိ အပြည်ပြည်ဆိုင်ရာ အုပ်စုပြပွဲများတွင်လည်း ပါဝင်ခဲ့ပြီး အတွေ့အကြုံများစွာချဲ့ထွင်ခဲ့သည်။



91 x 71 cm
Oil on Canvas



91 x 71 cm
Oil on Canvas



122 x 91 cm
Oil on Canvas

# CORNER 11 : ကိုသေး

သူ၏အနုပညာခရီးကို ၁၈ နှစ်အရွယ်တွင် စတင်ခဲ့ပြီး တက်တူးအနုပညာနှင့် ဘူးသီးခြောက်များအား ထွင်းထုပုံသွင်းခြင်းအနုပညာကို အထူးပြုဖန်တီးနေသူဖြစ်သည်။ ထူးခြားသော ဖန်တီးမှုများ ပိုမိုလုပ်ဆောင်နိုင်ရန် မိမိအသုံးပြုမည့်ကိရိယာများကိုပင် ကိုယ်တိုင်ပြုလုပ်သည်။ အနုစိတ်သော လက်ရာနှင့် ကိုယ်ပိုင်ဟန် ဖန်တီးမှုများကြောင့် ကလောမြို့၏အနှစ်သာရကို သူ၏အနုပညာတွင် အပြည့်အဝဖော်ပြနိုင်ခြင်းဖြစ်သည်။ လက်မှုအတတ်ပညာကို အားထုတ်လေ့လာဆည်းပူးလျှက် ဖန်တီးမှုတစ်ခုချင်းစီကို စေ့စေ့စပ်စပ် ဂရုပြုပြီး လက်ရာများကို လူမှုအသိုင်းအဝိုင်းနှင့် ပြန်လည်မျှဝေသူ ဖြစ်သည်။

**ငယ်စဉ်ကတည်းက ကျွန်တော်ဟာ ဘူးသီးလေးတွေကို စုဆောင်းရတာကို နှစ်သက်ခဲ့ပြီး အဲဒါက နောက်ဆုံးမှာ ကျွန်တော့်ရဲ့ အနုပညာလက်ရာတွေကို ဖန်တီးဖို့ စိတ်အားတက်ကြွစေခဲ့ပါတယ်။ ကျွန်တော့်ရဲ့တက်တူးထိုးတဲ့ အတတ်ပညာကို အသုံးပြုပြီး ဘူးသီးခြောက်လေးတွေပေါ်မှာ ဒီဇိုင်းတွေကို ပုံဖော်ဖို့ ကိရိယာတွေကို တီထွင်ခဲ့ပြီး ထူးခြားတဲ့ အနုပညာလက်ရာတွေအဖြစ် ပြောင်းလဲခဲ့ပါတယ်။ ရေကြီးမှုကြောင့် လက်ရာအများအပြား ဆုံးရှုံးခဲ့ရတဲ့ အခက်အခဲတွေကြားထဲကပဲ ဒီပစ္စည်းတွေနဲ့ ဒီဇိုင်းအသစ်တွေကို စူးစမ်းရှာဖွေပြီး ဖန်တီးမှုလုပ်ငန်းစဉ်ကို ချဲ့ထွင်ဖို့ ကျွန်တော် အများကြီး ဆက်ဖန်တီးသွားဖို့ ရှိပါတယ်**



Dried Gourd



Dried Gourd



Dried Gourd



Dried Gourd



Dried Gourd

# CORNER 12 : **RACK AID@ ဂူဂူး**

ညောင်ရွှေမှ အနုပညာဖန်တီးသူ Rack Aid@ Gu Gu သည် ငယ်ရွယ်စဉ်ကတည်းက သူ၏ အနုပညာခရီးကို စတင်ခဲ့ပြီး၊ သူ၏ အတွင်းစိတ်ခံစားချက်များကို ပန်းချီကားများမှ တစ်ဆင့် ဖော်ထုတ်တတ်သည်။ ၂၀၂၁ ခုနှစ် နိုင်ငံရေးမတည်ငြိမ်မှုများကြားတွင် အနုပညာ ဖန်တီးလိုစိတ် ပျောက်ဆုံးသွားခဲ့ပြီးနောက် သူ၏ ပန်းချီကား ၃၈ ခုလုံးကို အနက်ရောင်ဆေး ဖြင့် ဖုံးအုပ်ခဲ့သည်။ sustainable ဖြစ်သော ဖန်တီးမှုများကို နှစ်သက်သည့် Rack Aid @ Gu Gu သည် recycle ပစ္စည်းတွေကို အသုံးပြု၍ အင်စတော်လေးရှင်းများကို ပြုလုပ်ရန်၊ ရိုးရာ အနုပညာပုံစံများမှ ဖောက်ထွက်ရန်နှင့် ပုံစံအသစ်များကို ဖန်တီးရန် အမြဲတမ်းစူးစမ်း လေ့လာနေတတ်သည်။

“ဒီပန်းချီကားများရှိ မူရင်းပုံရိပ်တွေဟာ Rack Aid@ Gu Gu ရဲ့ စိတ်ဒဏ်ရာကြောင့် ပျက်စီး သွားတဲ့ ပထမဆုံးစီးရီး "Age Off " မှဖြစ်ပါတယ်။ ူ အနက်ရောင် ဖုံးအုပ်ထားတဲ့အခြား ပန်းချီကား ၄၀ နဲ့ အတူ Coming From Kalaw မှ ၂၀၂၃ ခုနှစ်တွင် ရန်ကုန်မြို့ရှိ Rack Aid ရဲ့ ဒုတိယမြောက် တစ်ကိုယ်တော်ပြပွဲအတွက် စီစဉ်ပြသခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ သူဟာ "Second Wife” အမည်ရ အဝါရောင်လက်ရာတစ်ခုကြီးတစ်ခုကို ဖန်တီးခဲ့ပြီး၊ သူ့ အနုပညာခရီးရဲ့ အခန်းသစ်တစ်ခုကို မှတ်တမ်းတင်ခဲ့ပါတယ်”



Second Wife
175 x 167 cm
Mixed Media



30 x 40 cm
Mixed Media



61 x 76 cm
Mixed Media



91 x 142 cm
Mixed Media



45 x 61 cm
Mixed Media

# CORNER 13 : တင်မြင့်မောင်

ကွယ်လွန်သွားပြီဖြစ်သော ပန်းချီဆရာတင်မြင့်မောင်သည် ကလောမြို့ရှိ "ထင်းရှူးရိပ်" ပန်းချီပြခန်း၏ တည်ထောင်သူဖြစ်ပြီး သူ့ကို မန္တလေးတိုင်း၊ ပျော်ဘွယ်မြို့တွင် မွေးဖွားခဲ့သည်။ တင်မြင့်မောင်သည် ၁၉၉၆ ခုနှစ်တွင် ကလောမြို့၏ ပထမဆုံးပန်းချီပြခန်းကို တည်ထောင်ဖွင့်လှစ်ခဲ့ပြီး၊ တောင်ကြီးမြို့နှင့် ရန်ကုန်မြို့တို့တွင် ပြုလုပ်ခဲ့သော အုပ်စုပြပွဲများစွာ၌ ပါဝင်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် သူ ကွယ်လွန်ပြီးနောက် ပြခန်းကိုလည်း ပိတ်ထားခဲ့သည်။ နှစ်အနည်းငယ်ကြာပြီးနောက် Coming From Kalaw ၏ CEO သည် အနုပညာသင်တန်းများ၊ ပြပွဲများ ကျင်းပ၍ ဒေသအသီးသီးမှ လာရောက်လည်ပတ်သူများဖြင့် ပြခန်းနေရာကို ပြန်လည်အသက်သွင်းခဲ့ပြီး တင်မြင့်မောင်၏ အနုပညာအမွေအနှစ်ကို ဂုဏ်ပြုကာ ထင်းရှူးရိပ်သို့ နွေးထွေးမှုနှင့် အမှတ်တရများကို ပြန်လည်ယူဆောင်လာခဲ့သည်။

"ဒီပန်းချီကားကတော့ တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်၏ လွမ်းမောဖွယ် အမှတ်တရမြင်ကွင်းကို ပြန်လည်အသက်သွင်းပေးနိုင်တဲ့အနက်ရောင်ကို အခြေခံပြီး သုံးထားတဲ့ ရှားပါးပန်းချီကားတစ်ချပ်ဖြစ်ပါတယ်။ ဒီပန်းချီကားဟာ အနုပညာရှင်ကွယ်လွန်ပြီးနောက် သူ့ရဲ့ကျန်ရှိသော လက်ရာအနည်းငယ်ထဲမှ တစ်ခုအဖြစ်ပြီး တင်မြင့်မောင်၏ အနုပညာအမွေအနှစ်နှင့် မီးပုံပျံပွဲတော်၏ မပြောင်းလဲသွားသော အနှစ်သာရကို ထိန်းသိမ်းထားပါတယ်"



TasaungDaing Balloon Festival
84 x 114 cm
Acrylic on Canvas

# CORNER 14 : ကျော်နိုင်စိုး

ကျော်နိုင်စိုးကို အောင်ပန်းမြို့တွင်မွေးဖွားပြီး သူ၏အနုပညာခရီးကို ၂၀၁၁ ခုနှစ်တွင်စတင်ခဲ့သည်။ သူသည် သဘာဝရှုခင်းများကို မှိုင်းပြမ်းကာ မတူကွဲပြားသည့် ပုံစံများ၊ ဂရပ်ဖစ်လိုင်းများနှင့် စိတ်ကူးယဉ်ပုံကြမ်းများကို ရောစပ်ရေးဆွဲလေ့ရှိသည်။ သူ၏ လေ့လာမှုများနှင့် အတွေ့အကြုံများကို ပုံဖော်ထားသည့် ဖန်တီးမှုများသည် လျှို့ဝှက်မှုဆန်ပြီး ကျော်နိုင်စိုး၏ စိတ်ခံစားချက်များနှင့် အတွေးများက ထင်ဟပ်နေသည်။

"မသေချာ မရေရာမှုတွေနဲ့ အိမ်ဖွဲ့လာတဲ့ စိတ်ကို တည်ငြိမ်ဖို့နဲ့ စုစည်းတည်ဆောက်နိုင်ဖို့အတွက် ကိုယ့်ကိုကိုယ် မေးဖြစ် ပြောဖြစ် တွေးဖြစ်တဲ့ စကားလုံးတချို့ ပုံသဏ္ဍာန်တချို့ကို မျဉ်း **pattern**၊ အရောင် **pattern** များသုံးပြီး စုဖွဲ့ ထားသို ရေးဆွဲ ကြည့်ရင်း ယခုစီးရီးဖြစ်ပေါ်လာခဲ့တယ်။ အစပိုင်းမှာ ပုံဆွဲစက္ကူနှင့်ရှမ်းစက္ကူ တို့ပေါ်မှာ **marker pen** နဲ့ ရေးဆွဲခဲ့ပြီး နောက်ပိုင်းမှာတော့ ကင်းဗတ်စပေါ်တွင် ပြောင်းလဲဖန်တီးခဲ့ပေမဲ့ အရင်တုန်းက မျဉ်းလိုင်းများလောက် ခံစားချက်အားမကောင်းတဲ့အတွက် ကြားခံမီဒီယမ်ကို အမျိုးမျိုး ပေါင်းစပ်အသုံးပြုခဲ့ပါတယ်။"



လွဲ
35 x 45 cm
Mixed Media



၈
25 x 35 cm
Mixed Media



ပန်းတွေဝေပါစေ
35 x 45 cm
Mixed Media



မစ္ဆရိယ
35 x 45 cm
Mixed Media



နေ့စွဲများ
25 x 35 cm
Mixed Media



လမ်း
25 x 36 cm
Mixed Media



ဆက်
23 x 61 cm
Mixed Media



ညှို့ကွင်းများ
22 x 60 cm
Mixed Media



ရှင်သန်ရေး
36 x 46 cm
Mixed Media

# CORNER 16/18 : ကိုဆို

ကိုဆိုသည် တောင်ကြီးမှ **Multimedia Artist** တစ်ဦးဖြစ်ပြီး ၂၀၀၀ ခုနှစ် ရန်ကုန်ပန်းချီပန်းပု အနုပညာ အထက်တန်းကျောင်းဆင်းခဲ့သည်။တောင်ကြီးမြို့ရှိ ရိုးမအနုပညာပြခန်းကို ၂၀၁၃ခုနှစ်တွင် စတင် တည်ထောင်ခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေး လှုပ်ရှားမှုနှင့်အတူ " Our Lovely World" အဖွဲ့ကို တည်ထောင် လှုပ်ရှားခဲ့ကြသည်။ လက်ရှိတွင် အင်းလေးအမွေအနှစ် ကျောင်းတွင် အချိန်ပိုင်းသင်ကြားပေးနေသည်။ သူသည် ကြားခံမီဒီယမ်အမျိုးမျိုးနှင့် ဖန်တီးမှုပုံစံရပ်အမျိုး မျိုးမှတစ်ဆင့် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအရာများကို ပုံဖော်ပြသလေ့ရှိပြီး ၂၀၀၅ ခုနှစ်မှစ၍ လက်ရှိအချိန်အထိ ပြည်တွင်းပြည်ပ ပြပွဲပေါင်း ၂၀ ကျော်တွင် ပါဝင်ခဲ့ပြီးဖြစ်သည်။

“ကျွန်တော်ဟာ ဒုတိယကမ္ဘာစစ်အပြီးလောက်မှာ ပိုပြီးအသုံးပြုလာကြတဲ့ ငြိမ်းချမ်းခြင်း သင်္ကေတကို ငယ် စဉ်ကတည်းက မီဒီယာမျိုးစုံမှာ တွေ့ခဲ့ကြုံခဲ့ရတာပါ။ တရားမျှတမှု၊ အသားအရောင်ခွဲခြားမှု၊ လူတန်းစား ခွဲခြားမှု တို့ကို ဆန့်ကျင်တဲ့ အဖွဲ့အစည်းတွေဟာ ဒီသင်္ကေတကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ နေရာမျိုးစုံ အဆင်တန်ဆာ မျိုးစုံမှာ ထည့်သွင်း အသုံးပြုခဲ့ကြတာကို အမြင်ရင်းနှီးစွာနဲ့ ကြီးပြင်းလာခဲ့ရ သူအနေနဲ့ ကျွန် တော့် လက်ရာများထဲမှာ စွဲစွဲမြဲမြဲ ထည့်သွင်း ဖန်တီးဖြစ်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာတော့ Peace logo အဝိုင်းချပ်ပြားကို ပြန်လည် အသုံးပြုနိုင်သော ပစ္စည်းများ၊ ပြန်နှုတ်ထားတဲ့ သံချောင်းတွေနဲ့ ဖန်တီးခဲ့ပါတယ်။ အကြောင်းအရာဖြစ်ရပ်တစ်ခုခု အတွက် ရိုက်နိုပ်ထည့်သွင်းသူ/ ရိုက်နိုပ်ထည့်သွင်းခံရသူ ကို ကိုယ်စားပြု တဲ့ အနေနဲ့ပေါ့။ ပြင်ပဝန်းကျင်ငြိမ်းချမ်းခြင်းနဲ့ ကိုယ်တွင်းငြိမ်းချမ်းခြင်းတွေဟာ အဆိုးအပြစ် ဖြစ်စေတဲ့ ဆူး ညှောင့်တွေ ဖယ်ရှင်းပြီး ဖြစ်တည်လာတယ်လို့ ယုံကြည်လို့ ဖြစ်ပါတယ်။”



Peace Pattern 7
28 x 20 cm
Mixed Media



Peace Pattern 8
43 x 34 cm8
Mixed Media



Peace Pattern 1
25 x 50 cm
Mixed Media



Peace Pattern 2
25 x 50 cm
Mixed Media



Peace Pattern 3
25 x 50 cm
Mixed Media



Peace Pattern 4
25 x 50 cm
Mixed Media




Peace Patter 5
25 x 50 cm
Mixed Media



Peace Pattern 6
25 x 50 cm
Mixed Media

# CORNER 17 : ဝင်းဖြိုး

ဝင်းဖြိုးသည် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့တွင် မွေးဖွားခဲ့ပြီး အောင်ပန်းမြို့တွင် ကြီးပြင်းလာခဲ့သည်။ မန္တလေး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တွင် ပန်းချီပညာကို သင်ယူခဲ့ပြီး သူ၏ လက်ရာများသည် ရှမ်းပြည်တောင်ပိုင်း၏ သဘာဝရှုခင်းများ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ ပွဲတော်များ၊ ရိုးရာဈေးများနှင့် ပအိုဝ်းတိုင်းရင်းသားတို့၏ ဘဝများကို ပုံဖော်ထားသည်။ အစောပိုင်းတွင် ရေဆေးပန်းချီများကို အထူးပြုရေးဆွဲခဲ့ပြီး နောက်ပိုင်းတွင်တော့ Acrylic နှင့် ဆီဆေးဖြင့် Abstract ပုံစံကို စတင်ဖန်တီးခဲ့သည်။ 2012 ခုနှစ်ကာလပိုင်းများမှစတင်၍ အနုပညာပြပွဲများတွင် တက်ကြွစွာ ပါဝင်ခဲ့ပြီး ကလေးငယ်များကို ပန်းချီပညာသင်ပေးခြင်းဖြင့်လည်း သူ၏ အသိပညာများကို မျှဝေခဲ့သည်။

"ကဗျာတစ်ပုဒ်ရေးဖွဲ့သလိုမျိုး ကျွန်တော့်ရဲ့ စိတ်ကူးစိတ်သန်းတွေနဲ့ အတွေးအခေါ်တွေကို မျဉ်းကြောင်းတွေ၊ အရောင်တွေနဲ့ ပုံဖော်ထားခြင်းဖြစ်ပါတယ်။ကြည့်သူရဲ့ ခံစားမှုအတွေ့အကြုံအရ လှပတဲ့ စကားလုံးတွေနဲ့အဓိပ္ပါယ်များကို တွေးမိဖို့ ရည်ရွယ်ပါတယ်"



အမျိုးသမီးငါးယောက်
122 x 91 cm
Acrylic on Canvas



အို မိခင်
122 x 91 cm
Acrylic on Canvas



ချစ်ခြင်းအိပ်မက်
122 x 91 cm
Acrylic on Canvas

# CORNER 19 : မလှကိုင်

1994 ခုနှစ်တွင် ရန်ကုန်မြို့တွင်မွေးဖွားခဲ့ပြီး ၂၀၀၁မှ စ၍ ကလောမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ပုံဆွဲခြင်းကို အမြင်ပိုင်းဆိုင်ရာ သိမြင်မှုများ ဖြင့်သာလေ့လာခဲ့ပြီး ဆွဲတတ်သလောက်သာ ဆွဲခြင်းဖြင့် မိမိမြင်သည့်အရာ ကြုံရသည့်အဖြစ်အပျက်များအပေါ် ချည်းကပ်ခဲ့သည်။

## *Pig and Human*

လူသားတွေနဲ့ ဝက်တွေကြားမှာ ဆက်နွယ်နေတဲ့ အရာတစ်ခုရှိတယ်။ ရှေးယခင်က လူတွေဟာ သူတို့ရဲ့ အစားအစာနဲ့ လိုအပ်ချက်တွေအတွက် ဝက်တွေကို မွေးမြူခဲ့ကြတယ်။ ဝက်တွေက လူတွေကျွေးတဲ့ အစာတွေကို စားပြီး ကြီးပြင်းလာကြပေမယ့် ဝက်တွေ ကြီးလာတဲ့အခါ လူတွေက သူတို့ကို သတ်ပြီး စားကြတယ်။ တခြားရှုထောင့်ကနေ ကိုယ့်ကိုယ်ကို ထားကြည့်ရင် လူတွေက ဝက်တွေကို မွေးမြူတာမဟုတ်ဘဲ ဝက်ခြံထဲက ဝက်တွေကသာ လူတွေကို အစကတည်းက မွေးမြူခဲ့တာ ဖြစ်ကောင်းဖြစ်နိုင်တယ်။ ဝက်ခြံတစ်ခုဟာ လွတ်လပ်တဲ့ကမ္ဘာတစ်ခု ဖြစ်နိုင်သလို၊ ကျွန်တော်တို့ နေထိုင်နေတဲ့ ပြဿနာများပြီး ရှုပ်ထွေးတဲ့ကမ္ဘာကြီးဟာလည်း ညစ်ပတ်တဲ့ ဝက်ခြံတစ်ခု ဖြစ်နိုင်ပါတယ်။



134 x 104 cm
Acrylic on Canvas

# *Fade in / Fade Out*

မှေးမှိန်သွားလို့ နောက်တကြိမ် အရောင်ထင်လာအောင် တခါပြန်လည်၍ မှေးမှိန်သွားခဲ့တယ်
နောက်တစ်ကြိမ် အရောင်ထင်လာအောင်...



91 x134 cm
Acrylic Finger Print on Canvas

# *"Nonexistent Family" (NFS)*

မိသားစုဆိုတာ ကျနော့်ဘဝမှာပထမဆုံး ကြုံရတဲ့ အစုအဖွဲ့နေထိုင်မှုမျိုးပါ။ အဲ့အသိုက်အဝန်း
လေးမှာ ပျော်ရွှင်မှုတွေ ဝမ်းနည်းမှုတွေရှိသလို ပေးဆပ်မှုတွေ အနစ်နာခံမှုတွေလည်းရှိတယ်။
အမှတ်တရတွေလည်းရှိတယ်။



73 x 104 cm
Acrylic on Canvas & Cambric

# CORNER 20 : စိုင်းမွန်း

စိုင်းမွန်းသည် တောင်ကြီးမှ အနုပညာရှင်တစ်ဦးဖြစ်ပြီး သူ၏လက်ရာတွင် ထိတွေ့ကိုင်တွယ်၍ရသောနှင့် ကိုင်တွယ်၍မရသော ယဉ်ကျေးမှုဆိုင်ရာ အလေ့အထများကို ပေါင်းစပ်ထားသည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားအုပ်စုများ၏ မတူကွဲပြားသော ထုံးတမ်းစဉ်လာများနှင့် သင်္ကေတများသည် ဖန်တီးမှုများပြုလုပ်ရန် သူ့အားစေ့ဆော်ပေးပြီး သူ၏အနုပညာသည် လူသားများနှင့် သက်မဲ့ပစ္စည်းများကြား အပြန်အလှန်အကျိုးသက်ရောက်မှုရှိသော လက်ရာများဖြစ်သည်။ အနုပညာရှင်Ana Mendieta ကဲ့သို့ပင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၏ စွမ်းအားကို သူယုံကြည်သည်။ စိုင်းမွန်းသည် ပြည်တွင်းပြပွဲ ၁၂ ကြိမ်တွင် ပါဝင်ထားပြီး သဘာဝပတ်ဝန်းကျင်နှင့် အနုပညာအသိပညာပေး အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ပြုလုပ်ထားသည်။ သူ၏ "တိုင်းရင်းသူအမျိုးသမီးအင်္ကျီ (အင်စတော်လေးရှင်း)" လက်ရာသည် ၂၀၂၄ ခုနှစ် ဗြိတိသျှပြတိုက်စုဆောင်းမှုများထဲမှတစ်ခုဖြစ်သည်။

## *Psyche*

*"Psyche"* ဆိုတဲ့စကားလုံးဟာ ဂရိဘာသာတွင် *'ဝိညာဉ်'* သို့မဟုတ် *'လိပ်ပြာ'* ဟု အဓိပ္ပာယ်ရပါတယ်။ လိပ်ပြာကို ဝိညာဉ်၏ ပြောင်းလဲခြင်းနှင့် ပြန်လည်မွေးဖွားခြင်း၏ သင်္ကေတအဖြစ် အသုံးပြုခဲ့ကြတယ်။ မြန်မာနိုင်ငံတွင်လည်း အခြားသော နိုင်ငံအများစုကဲ့သို့ပင် လိပ်ပြာနှင့် လူ့ဝိညာဉ်ဟာ ဘာသာစကားနှင့် ယုံကြည်မှုတို့မှာ နက်ရှိုင်းစွာဆက်စပ်နေပါတယ်။ "လိပ်ပြာလုံတယ်" *(စိတ်ရှင်းသည်)*၊ "လိပ်ပြာလွင့်တယ်" *(လန့်သွားသည် သို့မဟုတ် ကြောက်လန့်သည်)* နှင့် "လိပ်ပြာချုပ်တယ်" *(ကလေးများကာကွယ်ရန် အဆောင်)* စတဲ့ အသုံးများသော စကားစုများဟာ ထိုဆက်နွယ်မှုကို ထင်ဟပ်စေပါတယ်။ အဲ့ဒီအသုံးအနှုန်းများကို ကျွန်တော်တို့ပတ်ဝန်းကျင်အသိုင်းအဝိုင်းထဲမှာ မကြာခဏကြားရလေ့ရှိပြီး စိတ်ဝိညာဉ်နှင့် အမြဲပြောင်းလဲနေသော ဘဝ၏ အင်အားများကြားရှိ နူးညံ့သိမ်မွေ့သော မျှတမှုကို ကိုယ်စားပြုပါတယ်။"



40 x 40 cm
Acrylic on Canvas



40 x 40 cm
Acrylic on Canvas



40 x 40 cm
Acrylic on Canvas



40 x 40 cm
Acrylic on Canvas

# *Samsara, Life and Inner Peace*

"*'Samsara, Life and Inner Peace'* ဟာ သံသရာမှာ လူတွေအကုန်လုံးဟာ ဆွေမျိုးမ တော်စပ်ဖူးသူ မရှိဘူးဆိုတဲ့ ယူဆချက်နဲ့ သံသရာကနေမလွတ်မြောက်မချင်း ဘဝအမျိုးမျိုး နဲ့ ကျင်လည်နေရတယ်ဆိုတဲ့ *Buddhism*ရဲ့ ယုံကြည်ချက်ကို ထင်ဟပြသပါတယ်။ ဒီလက်ရာ မှတစ်ဆင့် ဘဝရဲ့ဖြစ်တည်မှု နှင့် စက်ဝန်းကဲ့သို့ လည်ပတ်နေသော သဘောကို သုံးသပ်မိပြီး အတွင်းစိတ်ငြိမ်းချမ်းမှုကို ရှာဖွေဆင်ခြင်နိုင်ပါတယ်။"







Participatory Installation

# CORNER 21 : ခိုင်မြဲ

ခိုင်မြဲသည် အနုပညာအလုပ်ရုံများမှ တစ်ဆင့် လူမှုဆက်ဆံရေးနှင့် ကိုယ်ပိုင်တိုးတက်မှုများကို လိုလားသည့် အနုပညာရှင်တစ်ဦးဖြစ်ပါသည်။ တောင်ကြီးမြို့ရှိ Yoma Art Space ၏ လှုပ်ရှားမှုများတွင် တက်ကြွစွာ ပါဝင်ခဲ့ပြီး အနုပညာကို လူအများနှင့် ချိတ်ဆက်ပေးခဲ့သည်။ သူ၏ အနုပညာခရီးတွင် ဂရပ်ဖစ်ဒီဇိုင်း၊ Doodling နှင့် ကာတွန်းသရုပ်ဖော်ပုံများ ပါဝင်ပြီး း ဖန်တီးမှုဖြင့် ရေရှည်အသက်မွေးဝမ်းကျောင်းပြုလိုသော ဆန္ဒရှိသူဖြစ်သည်။ သဘာဝတရား၊ လူမှုဆက်ဆံရေးများနှင့် ဒဿနိကဗေဒတို့၏ စေ့ဆော်မှုများကြောင့် ခိုင်မြဲ၏ ထူးခြားသောဖန်တီးမှုပုံစံသည် အမြဲတမ်းတိုးတက် ပြောင်းလဲနေသည်။ သူသည် အနုပညာအပေါ် စိတ်ရင်းပြင်းပြစွာဖြင့် နယ်ပယ်စုံသို့ ချဉ်းကပ်လေ့လာပြီး ဖန်တီးမှု အနုပညာအသိုင်းအဝိုင်းကို ပါဝင်အားဖြည့်လျက်ရှိသည်။

## *Divide by Homo Sapiens*

"*Divide by Homo Sapiens* မှာ ကျွန်တော်က မီနီမယ်လစ်ဇင်ပုံစံနဲ့ ရိုးရှင်းတဲ့ ပုံသဏ္ဍာန်တွေ သုံးပြီးတော့ ဘဝရဲ့ ဟန်ချက်ညီမှုကို ပုံဖော်ထားပါတယ်။ ယင်ယန်သဘောတရားအနက်နှင့် အဖြူကို ရောစပ်ရာမှ ထွက်ပေါ်လာတဲ့ ခဲရောင်နဲ့ လူပုံစံကိုဖန်တီးတယ်။ လူသားရဲ့ ခရီးအစနဲ့ အဆုံးကို ထင်ဟပ်စေတဲ့ ဘဝသံသရာစက်ဝန်းကို မျဉ်းတစ်ကြောင်းတည်းနဲ့ ပုံဖော်တယ်။ တစ်ဦးချင်းစီတိုင်းမှာ ထူးခြားမှုကိုယ်စီရှိကြပေမယ့် ဟန်ချက်ညီမှုနဲ့ သဟဇာတဖြစ်မှုတွေက တစ်ဦးနဲ့တစ်ဦးကို ချိတ်ဆက်ပေးထားတယ်။ ဒီဖန်တီးမှုကို ဗုဒ္ဓတရားနှင့် ယင်ယန်အတွေးအခေါ်တွေကနေ စိတ်ကူးရခဲ့တာပါ။ ရိုးရှင်းမှုနဲ့ ဟန်ချက်ညီမှုက ကျွန်တော်တို့ကို ကိုယ့်ကိုယ်ကိုယ် နားလည်စေတဲ့အပြင် ကမ္ဘာကြီးကိုပါ နားလည်တတ်လာစေတယ်။"



127 x 42 cm
Acrylic on Canvas

## *Palette Wizard*

ပန်းချီရေးရတာ၊ ခဲခြစ်ရတာ၊ အရောင်တွေနဲ့ ကစားရတာ၊ တွေးနေရတာ၊ အသစ်တစ်ခုခုကို ဖန်တီးနေရတာကို ချစ်တယ်။ ဒါ့အပြင် အနုပညာအကြောင်း ပြောနေရတာ၊ အနုပညာကတစ်ဆင့် ပြောပြရတာနဲ့ အနုပညာလက်ရာတွေကို လေ့လာရတာတွေကို အရမ်းကြိုက်ပါတယ်။ ဒီလက်ရာအတွက် အထူးတလှယ် *concept* ရယ်လို့တော့ မရှိပါဘူး။ ကျွန်တော်က အနုပညာရှင်တစ်ယောက်ဖြစ်ရတာကို အရမ်းချစ်ပါတယ်။ ဒါပါပဲ။"



60 x 60 cm
Acrylic on Canvas

## *Struggmily*

"*Struggmily* ကတော့ ကျွန်တော့်ရဲ့ ငယ်ဘဝကို အခြေခံထားပါတယ်။ ကျွန်တော့်ရဲ့ မိခင်ဟာ ကျွန်တော့်ကို စက်ဘီးနဲ့ တင်ဆောင်ပြီး ဘဝရဲ့ အခက်အခဲတွေကို ဖြတ်သန်းခဲ့ပါတယ်။ ကျွန်တော် ခုနှစ်နှစ်သားအရွယ် ဖခင်ဆုံးပါးပြီးတဲ့နောက်မှာ ကျွန်တော်နဲ့အမေ နှစ်ယောက်တည်းပဲ ကျန်ခဲ့ပြီး အခက်အခဲ အတားအဆီးတိုင်းကို အတူတူ ရင်ဆိုင်ခဲ့ရပါတယ်။ ကိုယ်ပိုင်အိမ်မရှိပေမယ့်လည်း ကျွန်တော့်ရဲ့ မိခင်ဟာ ဘယ်တော့မှ အားမလျှော့ခဲ့ပါဘူး။ သူမဟာ စက်ဘီးကနေ ဆိုင်ကယ်ကို ပြောင်းလဲစီးနင်းပြီး ဆက်လက်အလုပ်လုပ်ခဲ့ပါတယ်။ ဒီလက်ရာနဲ့ ခက်ခဲမှုမှန်သမျှကို စည်းလုံးညီညွတ်ခြင်းရဲ့ ခွန်အားနဲ့ ကြံ့ကြံ့တောင့်ခံထားကြတဲ့ မိသားစုတွေကို ဂုဏ်ပြုလိုပါတယ်"



60 x 60 cm
Acrylic on Canvas

# ပထမထပ်




22 စိုင်းသီဟစိုး

# *16 Dreams of Me (2018)*

အိပ်မက် ၁။ ငါးတွေသည် ပိုက်လိုင်းတစ်ခုထဲက အဆုံးမဲ့စက်ဝန်းအတွင်း ပိတ်မိနေပြီး အခြားများပြားလှတဲ့ ငါးတွေနှင့် အတူတကွ ကူးခတ်နေကြသည်။

အိပ်မက် ၄။ ကြည့်ရှုသူသည် နား၊ မျက်လုံးနှင့်ပါးစပ်များမရှိတော့သည့် ပုံသဏ္ဍာန်များနှင့် တွေ့ကြုံရသည်။

အိပ်မက် ၁၂။ လူနှစ်ဦးသည် ရေအိုးငယ်တွေသယ်ယူပြီး ရေပြည့်နှင့်နေပြီးသား အနက်ရောင်မြေအိုးကြီးထဲသို့ မရပ်နားရေတွေ လောင်းဖြည့်နေကြသည်။ လောင်းထည့်ပြီးသည်နှင့် ရေအိုးလေးတွေကို မြေကြီးပေါ် ပစ်ချ ခွဲပစ်လိုက်ကြပြီး အသုံးမဝင်တော့အောင် ပြုလုပ်လိုက်ကြသည်။

အိပ်မက် ၁၃။ ဤအိပ်မက်တွင် မီးပုံးပျံတစ်လုံးသည် မြေပြင်မှာ ကြိုးများနဲ့ ချည်နှောင်ခံထားရသောကြောင့် အပေါ်သို့တက်ရန် ရုန်းကန်နေရသည်။ မအောင်မြင်လိုက်သည့် လွှတ်တင်မှု၏ အနီးပတ်လည်မှာတော့ *carnival animals* ငါးကောင်ဟာ ရှုံ့ရှာစက်ဆုပ်ဖွယ်ကောင်းသည့် ပျော်ပွဲရှင်ပွဲတစ်ခုလုပ်ပြီး ကခုန်နေကြသည်။

အိပ်မက် ၁၄။ ဆယ့်လေးခုမြောက်အိပ်မက် တွင်တော့ တောင်သည် အရည်ပျော်ကျသွားသည်။



Video Art

# 2nd Floor




| | |
|---|---|
| 23/24/25 | ကျော်မျိုးဟန် |
| 26/27 | မင်းမင်းထိုက် |
| 28 | နေမင်းဇော် |
| 29 | သန်းမောင် |
| 30 | ဇော်မြင့်နိုင် |
| 31 | ထိန်လင်း |

# CORNER 23/24/25 : ကျော်မျိုးဟန်

Kကလောမြို့အခြေစိုက် အနုပညာရှင် ကျော်မျိုးဟန်သည် သူ၏အနုပညာခရီးလမ်းကို ၂၀၁၉ မှ စတင်ခဲ့သည်။ ခဲပန်းချီကို မိမိဘာသာ လေ့လာသင်ယူခဲ့သူဖြစ်ပြီး ပုံတူခဲပန်းချီကို အထူးပြုဖန်တီးနေသူဖြစ်သည်။ ရေဆေးပန်းချီကို ဦးသန်းမောင်ထံမှ  သင်ယူခဲ့ပြီး ယခုလက်ရှိတွင် CFK_Art Fund မှ ဦးစီးဖွင့်လှစ်ထားသော အခမဲ့ အခြေခံကလေးပန်းချီသင်တန်းများတွင် ဆရာအဖြစ် သင်ကြားပြသနေသူ ဖြစ်သည့်အပြင် မိမိကိုယ်ပိုင်အတန်းများကိုလည်း ဖွင့်လှစ်ထားသူဖြစ်သည်။ ရေဆေး၊ Acrylic နှင့် ခဲပန်းချီများကို ကော်မရှင်လက်ခံပြီး မကြာသေးမီကပင် ရေးဟန်သစ်များကို စူးစမ်းပြီး Abstract ရေးနည်းကို စတင်စမ်းသပ်နေသူဖြစ်သည်။

**"လူတွေ မြင်နေပေမယ့် အမှုမဲ့ အမှတ်မဲ့ ဖြတ်ဖြတ်သွားကြတဲ့ အာတာပူစီရောင်းသူ ဦးဗိုလ်မောင်ရဲ့ ပုံတူကို ကျွန်တော် ရေးနေကျ ခဲပန်းချီနဲ့ပဲ ဖန်တီးဖြစ်ခဲ့ပါတယ်။ ဒီဖန်တီးမှုက ကလောမြို့မှာရှိတဲ့ လူတွေရဲ့ နေ့စဉ်ဓူဝ ဘဝတွေကို စီးရီးလိုက် ရေးဆွဲဖို့ တွန်းအားဖြစ်စေတဲ့ အစတစ်ခုပဲ ဖြစ်ပါတယ်။**



ဦးဗိုလ်မောင်
38 x 56 cm
Pencil on Paper

"**Darkness Painting**"(**Mixed Media** ဟာ အမြင်အာရုံ ဆိတ်သုဉ်းမှုနဲ့ လွတ်လပ်မှု ပျောက်ဆုံးတဲ့ ခံစားချက်ကို ထင်ဟပ်စေဖို့ ဖန်တီးထားတာ ဖြစ်ပါတယ်။ **‘Daily Footsteps’(Acrylic on Cotton)** ကတော့ ရည်မှန်းချက် ကိုယ်စီ၊ ဆန္ဒကိုယ်စီနဲ့ ကိုယ်သွားလိုရာ သွားနေကြတဲ့ လမ်းမပေါ်က ခြေလှမ်းတွေကို ပုံဖော်ထားပါတယ်။"



အမှောင်
61 x 51 cm
Mixed Media



နေ့တစ်ရှုဝခြေလှမ်းများ
107 x 183 cm
Acrylic on Cotton

# CORNER 26/27 : မင်းမင်းထိုက်

မင်းမင်းထိုက်ကို တောင်ကြီးတွင် မွေးဖွားခဲ့ပြီး၊ သူသည် ကျော်ဇောလင်းနှင့် ဇော်မင်းထူးတို့ထံတွင် လေ့လာသင်ယူခဲ့သော အနုပညာရှင်တစ်ဦးဖြစ်သည်။ ပုံတူပန်းချီကားများကြောင့် လူသိများပြီး၊ ရှမ်းပြည်နယ်၏ အနှစ်သာရနှင့်အငွေ့အသက်တို့ကို ဖမ်းယူနိုင်ရန်အတွက် သူ၏ အသစ်ထွက်ရှိသော Acrylic စီးရီးတွင် ရှမ်းစက္ကူကိုအသုံးပြုပြီး ဖန်တီးမှုများပြုလုပ်ထားသည်။ ၂၀၁၀ ခုနှစ်မှစ၍ အုပ်စုလိုက်ပြပွဲများစွာတွင် ပါဝင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ၄၃ အနုပညာပြခန်း၌ "Faces" ဟူသည့် သူ၏ ပထမဆုံး တစ်ကိုယ်တော်ပြပွဲကို ကျင်းပခဲ့သည်။ ည်။ 2025 ဖေဖော်ဝါရီလတွင်တော့ သူ၏ ဒုတိယမြောက် တစ်ကိုယ်တော်ပြပွဲ “My Reflections” ကို တောင်ကြီးမြို့တွင်ပြုလုပ်ခဲ့သည်။

“အငြိမ့်မင်းသမီးများရဲ့ ကျက်သရေရှိလှတဲ့ လှုပ်ရှားမှုများနဲ့ ကိုယ်ဟန်အနေအထားများကို ကျွန်တော့်ရဲ့ ရေးဟန်နဲ့ သွက်သွက်လက်လက် ပုံဖော်ရေးပြခြင်းပါ”



Harmonious Grace 2
91 x 122 cm
Acrylic on Shan Paper



Harmonious Grace 1
91 x 122 cm
Acrylic on Shan Paper



Harmonious Grace 3
35 x 45 cm
Acrylic on Shan Paper



Harmonious Grace 4
35 x 45 cm
Acrylic on Shan Paper



Harmonious Grace 5
35 x 45 cm
Acrylic on Shan Paper

# CORNER 28 : နေမင်းဇော်

ညောင်အခြေစိုက်အနုပညာရှင် နေမင်းဇော်သည် ၂၀၁၀ခုနှစ်တွင် မန္တလေးအနုပညာတက္ကသိုလ်မှ ကျောင်းဆင်းခဲ့သည်။ ရှမ်းပြည်ရဲ့လူမှုဘဝပုံစံအကြောင်းအရာအချို့ကို impression ပုံစံနှင့် ဖန်တီးခဲ့ပြီး အလုပ်သမား၊ လယ်သမားနှင့်ဈေးသည် စသည့် အခြေခံလူတန်းစားများအကြောင်းကို အဓိကရေးဖြစ်ခဲ့သည်။ နောက်ပိုင်း ကာလများတွင် ရေးနည်းရေးဟန်အမျိုးမျိုးကို စမ်းသပ်ရေးဆွဲရင်း Cubism Style ဘက်ကို အားသန်ခဲ့သည်။ သူ့အတွက် မြန်မာ့ရိုးရာပန်းချီထဲက ဘီလူးပုံ တွေကို ကုဗဟန်နဲ့ပြန်ဖွဲ့ရတာဟာ စိတ်ဝင်စားစရာကောင်းသည်ဟု ဆိုသည်။ ပန်းချီကားအများစုတွင် ဆီဆေးကို အသုံးပြု၍ရေးဆွဲခဲ့ပြီး ယခုအချိန်တွင်တော့ watercolor နဲ့ acrylic ကိုလည်း ရံဖန်ရံခါရေးဖြစ်နေသည်။

“Series ရဲ့ title Virgin လို့ပေးထားတာက ငယ်ငယ်က ဖတ်ခဲ့ဖူးတဲ့ဝတ္ထုတစ်ပုဒ်ထဲက မိန်းကလေးတစ်ယောက်ကိုခေါ်တဲ့စကားလုံးကို စိတ်ထဲစွဲနေလို့ပါ။ ဒီ subject ကို ရေးချင်စိတ်ဖြစ်စေခဲ့တာတွေက ပီကာဆို၊ မိုဒီ နဲ့ ဟင်နရီမိုးတို့ရဲ့ ပန်းချီပန်းပုတွေ ပြီးတော့ အရှေ့တိုင်းရိုးရာပန်းချီတွေရဲ့ စေ့ဆော်မှုတွေပါပါတယ်။ အကြောင်းအရာကတော့ မြန်မာအမျိုးသမီးတစ်ယောက် လွတ်လွတ်လပ်လပ်နဲ့ စိတ်အေးလက်သာရှိနေတဲ့အချိန် သက်တောင့်သက်သာနဲ့ ကိုယ်လက်သန့်စင်နေတာမျိုး ပြင်ဆင်ချယ်သနေတာမျိုး ပုံရိပ်တွေပါပဲ။

ရေးနည်းရေးဟန်ကတော့ Line နဲ့ Color flat တွေပါပဲ။ ပုံသဏ္ဍာန်တွေကို အတတ်နိုင်ဆုံး အခြေခံကျပြီး ရိုးရှင်းတဲ့ Lineတွေနဲ့ပဲ ဖွဲ့ထားပါတယ် ။
Simplicity is beauty ဆိုတဲ့အတိုင်း ရိုးရှင်းမှုရဲ့အရသာနဲ့ သက်တောင့်သက်သာဖြစ်တဲ့ ခံစားမှုဆီဦးတည်ပြီးဖန်တီးထားတာပါ။



Virgin 1
61 x 61 cm
Oil on Canvas



Virgin 2
61 x 61 cm
Oil on Canvas



Virgin 3
46 x 61 cm
Oil on Canvas



Virgin 4
46 x 61 cm
Oil on Canvas

# CORNER 29 : သန်းမောင်

သန်းမောင်သည် ကလောမြို့တွင် မွေးဖွားခဲ့ပြီး မန္တလေး အမျိုးသားယဉ်ကျေးမှု နှင့်အနုပညာတက္ကသိုလ်တွင် ပညာသင်ကြားခဲ့သည်။ ရန်ကင်းရုပ်ရှင်ကုမ္ပဏီတွင် ပုံတူပန်းချီပညာရှင်နှင့် ရုပ်ရှင်ပိုစတာ ဒီဇိုင်နာအဖြစ် လုပ်ကိုင်ခဲ့ပြီး ၁၉၈၈ မှ ၁၉၉၃ ခုနှစ်အထိ မြန်မာနိုင်ငံအနှံ့ ခရီးသွား၍ ဘုရားများရှိ ဗုဒ္ဓရုပ်ပွားတော်များကို ပန်းချီရေးဆွဲခဲ့သည်။၁၉၉၀ ပြည့်လွန်နှစ်များ နှောင်းပိုင်းတွင် အင်းလေးဖောင်တော်ဦးဘုရားရှိ ၅၅၀ နိပါတ်တော်ပုံများကို ရေးဆွဲပြီးမြောက်သည့်နောက် အလုပ်မှထွက်ကာ ကလောသို့ ပြန်လာခဲ့ပြီး လောကနတ်ပန်းချီပြခန်းကို တည်ထောင်ခဲ့သည်။ကလောမြို့၏ ရှေးအကျဆုံး ပြခန်းများထဲမှ တစ်ခုဖြစ်သည့် လောကနတ် သည် ရှမ်းပြည်နယ်၏ နေ့စဉ်ဘဝကို အနုပညာမှတစ်ဆင့်ဖော်ပြလိုသည့် သူ၏ စိတ်အားထက်သန်မှုပင်ဖြစ်သည်။

"ကျွန်တော့်ရဲ့ အနှစ်သက်ဆုံး ပန်းချီကားတွေဖြစ်ပြီး ဓားခြစ်ပန်းချီရေးဆွဲနည်းကို အသုံးပြုကာ Canvas ပေါ်တွင် ဖန်တီးထားတာပါ။ အဲ့ဒီရေးဆွဲနည်းဟာ ထင်ရှားပြီး အားကောင်းတဲ့ ဆွဲချက်တွေကို ရရှိစေပါတယ်။ အဲ့ဒီလက်ရာအချို့ဟာ လက်တွေ့ဆန်ခြင်းနှင့် စိတ်ကူးယဉ်ဆန်ခြင်းတို့ရဲ့ ပေါင်းစပ်မှု အနုပညာကို ဖော်ပြနေပါတယ်"



အင်းတိန်ရှေးဟောင်းဘုရား
61 x 91 cm
Acrylic on Canvas



တောင်ယာပြန်အမျိုးသမီး
46 x 61 cm
Acrylic on Canvas



ရှမ်းရှုခင်း
46 x 61 cm
Acrylic on Canvas

# CORNER 30: ဇော်မြင့်နိုင်

ဇော်မြင့်နိုင်သည် ၁၉၉၈ တွင် မန္တလေးယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်တွင် သင်ကြားခဲ့ပြီး သူ့ရဲ့အနုပညာခရီးကို စတင်ခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ပန်းပုဘာသာရပ်ဖြင့် ဘွဲ့ရရှိပြီး ပန်းပုဆရာဦးဝင်းမောင်ထံတွင် ဆက်လက်သင်ယူခဲ့သည်။ နောက်ပိုင်းတွင် ဟဲဟိုးမြို့၌ အခြေချဖြစ်ခဲ့ပြီး ပန်းပုထုခြင်းကို သူ၏အသက်မွေးဝမ်းကြောင်းအလုပ်အဖြစ် ရွေးချယ်ခဲ့သည်။ ပန်းချီရေးဆွဲခြင်းကို ဝါသနာပါသော်လည်း ပန်းပုထုခြင်းနဲ့ ပုံတူရုပ်ထုများဖန်တီးခြင်းကို အဓိက အားစိုက်ဖြစ်ခဲ့သည်။ ဇော်မြင့်နိုင်သည် ဘုရားစေတီများ၊ ရုပ်ပွါးတော်များနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများ၏ အစောင့်အရှောက်ရုပ်တုများ ထုလုပ်ခြင်းတွင် လူသိများပြီး ရံဖန်ရံခါတွင် ခေတ်ပေါ်ပန်းပုပုံစံများကိုလည်း လေ့လာဖန်တီးသည်

"ကျွန်တော်က ပန်းချီဆွဲရတာကိုရော ပန်းပုထုရတာကိုရော နှစ်သက်သူတစ်ဦးဖြစ်ပါတယ်။ အခြေအနေနဲ့ ခံစားချက်အပေါ်မူတည်ပြီး ဘယ် medium ကိုအသုံးပြုရမလဲဆိုတာ ရွေးချယ်ဖြစ်ပါတယ်။ ဘာကိုပဲဖန်တီးရဖန်တီးရ ဖန်တီးမှုတိုင်းက ကျွန်တော့ကို ပျော်ရွှင်စေပါတယ်။"



# CORNER 31 : ထိန်လင်း

ဧရာဝတီတိုင်း အင်္ဂပူတွင်မွေးဖွားပြီး လက်ရှိကလောတွင်နေထိုင်နေသည့် ထိန်လင်းသည် ခေတ်ပြိုင်အနုပညာဖန်တီးသူ၊ ကျူရေတာ ၊ စာရေးဆရာတစ်ဦးအပြင် ကြားခံမီဒီယမ်မျိုးစုံကို အသုံးပြု၍ ဖန်တီးမှုများပြုလုပ်သည့် ပန်းချီဆရာလည်း ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်များမှ စတင်ပြီး ပန်းချီ၊ ပါဖောင်းမန့်နှင့် အင်စတော်လေးရှင်းအနုပညာတို့ကို အထူးပြုဖန်တီးခဲ့သည်။ မြန်မာ့ပါဖောင်းမန့်လောက၏ ရှေ့ဆောင်တစ်ဦးဖြစ်သလို နိုင်ငံရေးအကျဉ်းသားဟောင်း နှင့် တက်ကြွလှုပ်ရှားသူတစ်ဦးလည်းဖြစ်ခဲ့သည့် ထိန်လင်း၏ ဖန်တီးမှုများသည် ရှုခင်းများ၊ ပုံတူများနှင့် မီဒီယမ်အမျိုးမျိုးကို ရောနှောပေါင်းစပ်ထားသည်များ စသည်ဖြင့် ပုံစံရပ်စုံလင်လှသလို သူ၏ အနုပညာသည် လူသားတစ်ဦး၏ ကြံ့ကြံ့ခံနိုင်ရည်စွမ်းနှင့် ဘဝ၏ ပြောင်းလဲမှုများအကြောင်း ထင်ဟပ်စေသည်။

"ပင့်ကူတို့၏အသိုက်မြုံ" ဟာ ပင့်ကူတို့ရဲ့ ကြံ့ခိုင်ရည်ရှိမှု၊ အပြန်အလှန်ဆက်သွယ်ကြမှုနဲ့ သူတို့ရဲ့သဘာဝကို မှားယွင်းစွာသတ်မှတ်ခံထားကြရပုံကို ပုံဖော်ထားတဲ့ အနုပညာလှုပ်ရှားမှုတစ်ခုဖြစ်တယ် ။ ဒဏ္ဍာရီများ၊ သဘာဝနှင့်ရှင်သန်မှုတို့ရဲ့ သင်္ကေတဖြစ်တဲ့ ပင့်ကူများနဲ့ ပင်းတယမြို့ရဲ့ဒဏ္ဍာရီလာဧရာမပင့်ကူ၏ စေ့ဆော်မှုကြောင့် ဖန်တီးဖြစ်ခဲ့တဲ့ ဒီပရောဂျက်ဟာ ကြောက်ရွံ့မှုကိုစိန်ခေါ်ပြီး ပင့်ကူများရဲ့ အရေးပါသော ဂေဟဗေဒဆိုင်ရာအခန်းကဏ္ဍကို အလေးပေးဖော်ပြပါတယ်။ အသွင်အားဖြင့် ပင့်ကူများဟာ နူးညံ့ဟန်ရှိပေမဲ့ သန်မာပြီး ရောဘတ်ဘရစ်၏ ဒဏ္ဍာရီလာ ပင့်ကူများကဲ့သို့ ဇွဲလုံ့လရှိမှုကို ကိုယ်စားပြုတယ်။ ပင့်ကူမျှင်တွေဟာ ကံကြမ္မာရဲ့ချည်မျှင်များကို ရောင်ပြန်ဟပ် သဘောသက်ရောက်ပြီး သဘာဝတရားနှင့် လူသားတို့၏ဖြစ်တည်မှုကြား မျှတမှုကိုထင်ဟပ်ပြသပေးပါတယ်။ ဒီဖန်တီးမှုမှတဆင့် သဘာဝတရားကို စူးစမ်းလိုစိတ်နဲ့ လေးစားမှုရှိစေရန်၊ သဘာဝနှင့် သဟဇာတဖြစ်စွာ နေထိုင်တတ်ရန် မီးမောင်းထိုးပြနိုင်ပြီး ပင့်ကူများကဲ့သို့ ကျွန်တော်တို့သည်လည်း ကြံ့ကြံ့ခံနိုင်ရည်အားနှင့် အပြန်အလှန်ဆက်နွယ်မှုမှတစ်ဆင့် ကျွန်တော်တို့ရဲ့ ကံကြမ္မာများကို ပုံဖော်နေကြကြောင်း သတိပြုမိစေလိုပါတယ်"





Arachnid Enclave
Mixed Media